# ပညတ်တော်တရား နှင့် ဧဝံဂေလိတရားတော်
# LAW AND GOSPEL

လူသာရင်အသင်းသားဖြစ်သော ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ပတ်သက်၍ အထူးအလေးထားလေ့ရှိပါသည်။ သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ့်ကိုကိုယ် သက်သေပြခြင်းငှါ ကြိုးစားအားထုတ်လော့။ ၂ တိ ၂ း ၁၅

သမ္မာကျမ်းစာကို မှန်ကန်စွာသိရှိအသုံးပြုနိုင်ရေးအတွက် အဓိကကျသော သွန်သင်ချက်(၂)ပါးကို သိရှိရန် အထူးလိုအပ်ပါသည်။ မည်သည့်အချိန်၊ မည်ကဲ့သို့နှင့်အဘယ်ကြောင့် ပညတ်တရားတော်နှင့် ဧဝံဂေလိတရားတော်ကို အသုံးပြုရမည်ကို သိရှိရန်လိုအပ်ပါသည်။

## အနက်အဓိပ္ပါယ်နှင့် ခြားနားချက်

Isaac Watts ရေးသားခဲ့သော ဓမ္မသီချင်းတွင် ဤထူးမြတ်သော တရားတော်(၂)ပါးအကြောင်းကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

- ပညတ်တရားသည် ကျွန်တော်တို့ဘုရားသခင်အတွက် လုပ်ဆောင်ပေးရမည့် တာဝန်ဝတ္တရားများကို အမိန့်ပေးပါသည်။
- ဧဝံဂေလိတရားမူကား ဘုရားသခင်၏အလိုတော်အတိုင်း လိုက်လျှောက်နိုင်ရန် ခွန်အားကို မည်သို့ ရရှိနိုင်ကြောင်းကို ဖော်ပြပေးပါသည်။
- ပညတ်တော်သည် ကျွန်တော်တို့၏အပြစ်နှင့် ကျွန်တော်တို့မည်မျှ စက်ဆုတ်ရွံရှာဖွယ်ဖြစ်နေပြီး ပြစ်ဒဏ်ထိုက်နေကြောင်းကို ဖော်ပြပါသည်။
- ဧဝံဂေလိတရားမူကား အပြစ်လွတ်သော ချစ်ခြင်းမေတ္တာနှင့် ဆေးကြောသန့်စင်စေသော ကျေးဇူးတော်ကို ဖော်ပြပါသည်။
- ပညတ်တော်သည် လူ၏အပြစ်အတွက်ခံရမည့်ပြစ်ဒဏ်ကို တစ်ကြိမ် ဖော်ပြသည်။
- ဧဝံဂေလိတရားတော်တွင် သခင်ခရစ်တော်ထင်ရှားပြီး အပြစ်ရှိသူအား ခွင့်လွှတ်ခြင်းကို အကြိမ်ကြိမ် ရရှိကြောင်း ဖော်ပြသည်။
- ကျွန်ုပ်၏ဝိညာဉ်သည် ပညတ်တရားနားသို့ ချဉ်းကပ်၍ နှစ်သိမ့်မှုကိုရှာသော်လည်း မရရှိနိုင်ပါ။
- ဧဝံဂေလိတရားမှပေးသော မျှော်လင့်ခြင်းကို ပျံ့သန်းရယူလျှက် ဂတိတော်ကို ယုံကြည်ခြင်းဖြင့် အသက်ရှင်နိုင်ပါသည်။

အထက်ပါဓမ္မသီချင်းသည် ဧဝံဂေလိတရားသည် ကယ်တင်ရှင်သခင်ယေရှု၏ သတင်းတော်မြတ်ဖြစ်ပြီး ကျွန်တော်တို့အတွက်အသက်ရှင်ပြီး အသေခံခဲ့ခြင်းကိုလည်းကောင်း၊ ကျွန်တော်တို့ မလျှောက်လှမ်းနိုင်သော စုံလင်သောအသက်တာဖြင့် အသက်ရှင်ခဲ့ခြင်းကိုလည်းကောင်း ဖော်ပြပါသည်။ ထို့ပြင် ကျွန်တော်တို့ ထာဝရအသက်ရရှိရေးအတွက် ကျွန်တော်တို့အတွက်ကိုယ်စားအပြစ်ဒဏ်ကို ဝင်ရောက်ခံစားခဲ့သည်ကို

ကျွန်တော်တို့အား အမှတ်ရစေပါသည်။

**ပညတ်တော်သည် ဘုရားသခင်၏အလိုတော်မည်သို့ရှိသည်ကို ဖော်ပြပြီး ကျွန်တော်တို့ အပြစ်သားများ ဖြစ်ကြောင်းရှုတ်ချပြီး ပညတ်တော်ကို ကျွန်တော်တို့မစောင့်ထိန်းနိုင်ကြောင်း ဖော်ပြပါသည်။** ကျွန်တော်တို့၏ ဘုရားသခင်သည် သန့်ရှင်းပြီး ဖြောင့်မတ်သောဘုရားဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားသကဲ့သို့ ဓမ္မသစ်ကျမ်းတွင်လည်း ထပ်လောင်းဖော်ပြထားပါသည်။ **'ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည့်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့' မသဲ ၅ း ၄၈ ဝတ်ပြု ၁၉ း ၂ ။ ဗတ္တိဇံဆရာယောဟန်**သည် **သခင်ယေရှုကို 'တလောကလုံး၏အပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏သိုးငယ်တော်မြတ်'** ဟု ခေါ်ဆိုခဲ့သည်။

**ယနေ့ လူအများစုကို မည်သို့ကယ်တင်ခြင်း ရရှိသနည်းဟု မေးကြည့်ပြီး ပညတ်တော်(၁၀)ပါးကို စောင့်ထိန်း လိုက်နာ၍ရသည်မဟုတ်လား ဟုဆိုလျှင် လူအများက ယင်းကိုသဘောတူကြပါလိမ့်မည်။ ယင်းကဲ့သို့ ပညတ်တရားအပေါ် ခံယူခြင်းသည် သခင်ယေရှုကို လူအများစံပြုထိုက်သောလူကောင်းနှင့် အတုယူထိုက်သော ပုဂ္ဂိုလ်တပါးအဖြစ်သို့ ရောက်ရှိစေပါသည်။**

---

# ရည်ရွယ်ချက်

**ပညတ်တရားတော်**နှင့် **ဧဝံဂေလိတရားတော်**တို့၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာအသုံးပြုတတ်ရန်ပင် ဖြစ်ပါသည်။ **ဧဝံဂေလိတရားတော်သည် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ တန်ခိုးတော် ဖြစ်ပါသည်။ ရောမ ၁ း ၁၆ ယော ၃ း ၁၆** ယင်းကဲ့သို့ပင် အခြားကျမ်းပိုဒ်များတွင် ဖော်ပြထားသည်မှာ ကယ်တင်ခြင်းသည် **ကရုဏာကုန်း**တွင်သာ တွေ့ရှိနိုင်ပြီး **သိနာတောင်**ပေါ်တွင် မဟုတ်ကြောင်း သိရှိနိုင်ပါသည်။

**ကယ်တင်ခြင်းသည် အောက်ပါပညတ်တော် ဖော်ပြချက်များကဲ့သို့ မဟုတ်ပါ။**

. . . . . . . ပြစ်မှားသောဝိညာဉ်သည် အသက်သေရမည်၊ . . . . . . . **ယေဇကျေ ၁၈ း ၄**

**'အဘယ်သို့နည်းဟူကား ပညတ်တရားအလုံးစုံကို စောင့်ရှောက်သည်တွင် တစုံတစ်ခု၌ မှားမိလျှင် ပညတ်တရားအလုံးစုံကို ကျူးလွန်သောအပြစ်ရှိ၏။' ယာကုပ် ၂ း ၁၀**

**ပညတ်တရား၏ အကျင့်ကိုအမှီပြုသောသူ ရှိသမျှတို့သည် အကျိန်နှင့်စပ်ဆိုင်ကြ၏။ အကြောင်းမူကား ပညတ္တိကျမ်းစာ၌ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကို ခံစေသတည်းဟု ကျမ်းစာလာ၏။ ဂလာတိ ၃ း ၁၀**

**ပညတ်တရားတော်** ၏ အဓိကရည်ရွယ်ချက်မှာ ကျွန်တော်တို့သည် ဆုံးရှုံးခြင်းသို့ရောက်နေကြောင်း မှန်ကဲ့သို့ ဖော်ပြခြင်းပင် ဖြစ်ပါသည်။ **ပညတ်တော်**အားဖြင့် **အပြစ်တရား**ကို သိမြင်ထင်ရှားစေခြင်း ဖြစ်သည်။ **ရောမ ၃ း ၂၀**။ ဆိုလိုသည်မှာ လူသားအားလုံးသည် အရေးတကြီး**ကယ်တင်ရှင်လိုအပ်**နေကြောင်း သိမြင်စေရန် ဖြစ်ပါသည်။ ထို့ပြင် **ပညတ်တရား**သည် ခရစ်ယာန်တို့ နှုတ်ကပတ်တော်ကိုသိရှိ၍ အသက်တာတွင် ဘုရားသခင်၏ အလိုတော်ကို သိရှိနိုင်စေရန် ထိန်းကြောင်းပေးသည့် **အထိန်းအကွပ်**လည်း ဖြစ်ပါသည်။ **ဆာလံ ၁၁၉ း ၁၀၅ ၃၂** ထို့ပြင် ပညတ်တရားသည် အပြစ်ဒဏ်နှင့်ကျိန်ခြင်းများကို ဖော်ပြ၍ အပြစ်မကျူးလွန်မိစေရန် ဆီးတားသော

တရားလည်းဖြစ်ပါသည်။ **ဆာလံ ၁၁၉ း ၁၂၀ ၁တိ ၁ း ၉ - ၁၀**

## တန်ခိုး

**ဓဝံဂေလိတရားတော်တွင် ရောမ ၁ း ၁၆** နှင့် အခြားကျမ်းပိုဒ်များ၌ပါရှိသော **ကယ်တင်ခြင်းတန်ခိုး** ပါရှိပြီး ပညတ်တော်တွင်မူ မရှိပါ။ သင်းအုပ်ဆရာတဦး ဥပမာပေးချက်ကို ဖော်ပြလိုပါသည်။ ဖ*ခင်တဦးသည် သားအား သစ်များကိုပိုင်းဖြတ်ပြီး ခုတ်ထားရန် အမိန့်ပေးပါသည်။ မလုပ်ထားပါက အပြစ်ပေးမည်ဟု မှာထားခဲ့သည်။ ယင်းလူငယ်သည် ကြိုးစား၍လုပ်သော်လည်း သူသည်အလွန်အားနည်း၍ ခွန်အားမရှိသည့်အတွက် မလုပ်နိုင်ပါ။ ယင်းအချိန်တွင် သူ၏အစ်ကိုရောက်ရှိလာပြီး ညီ၏ အလုပ်ကို ပြီးစီးအောင် ဝင်ရောက်လုပ်ပေးလိုက်သည်။ ညနေ ဖခင်ရောက်လာသောအခါ သားအားအပြစ်ပေးမည်လား?။ မပေးပါ။ သူခိုင်းသမျှပြီးစီးနေ၍ ဖြစ်ပါသည်။ မှန်ပါသည်။ တခြားတစ်ဦး ဝင်ရောက်လုပ်ကိုင်ပေးခြင်းအားဖြင့် ဖခင်၏အမိန့်သည် ပြည့်စုံခဲ့ပါသည်။*

ကျွန်တော်တို့၏ **ကောင်းကင်ဘုံစံအဖ**သည် ကျွန်တော်တို့အား - **ဤသည်ကိုလုပ်ပါ၊ ဤသည်ကို မလုပ်ပါနှင့်** ဟု မိန့်မှာထားပါသည်။ ကျွန်တော်တို့ ကြိုးစားကြပါသည်။ ***သို့ရာတွင် ကျွန်တော်တို့သည် အပြစ်နှင့်ပြည့်ဝသော ဇာတိလူသားများဖြစ်၍ အလွန်အားနည်းပြီး ခွန်အားမရှိပါ။*** ယင်းအချိန်တွင် ကျွန်တော်တို့၏ အစ်ကိုကြီးဖြစ်သော **သခင်ခရစ်တော်**ရောက်ရှိလာပြီး ***သင့်ကိုယ်စား ငါလုပ်ပေးမည်***ဟု ပြော၍ ပြီးစီးအောင် လုပ်ပေးခဲ့ပါသည်။ ရှည်လျားသောနေ့တာများ ကုန်ဆုံးသွားသောအခါ ဘုရားသခင်က ကျွန်တော်တို့ကို အပြစ်ပေးမည်လား?။ မပေးပါ။ အမိန့်အတိုင်း ပညတ်တော်ကို စောင့်ထိန်းနိုင်ပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ကြောင့် မဟုတ်ပါ။ အခြားတစ်ဦးအားဖြင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့စောင့်ထိန်းရမည့် ပညတ်များကို ကိုယ်စား တိကျစွာ စောင့်ထိန်းပေးသော **သခင်ခရစ်တော်အားဖြင့် ကျွန်တော်တို့ ကယ်တင်ခြင်းရရှိပြီး ဖြစ်ပါသည်။ သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းဝတ်ရုံကို ကျွန်တော့်ပေါ်သို့ လွှမ်းခြုံလိုက်ခြင်း ဖြစ်ပါသည်။**

## ခံယူချက်သဘောထား

**ခရစ်ယာန်တို့၏စိတ်နှလုံးအကြံအစည်(သို့)သဘောထားသည်လည်း ဓဝံဂေလိတရားတော် အတွင်းမှ လာခြင်းဖြစ်ပါသည်။ လူအပေါင်းတို့သည် သေလျှက်နေကြသည်ဟူ၍လည်းကောင်း၊ အသက်ရှင်သောသူတို့သည် တဖန်ကိုယ်အလိုသို့လိုက်၍မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသောသူ၏ အလိုသို့လိုက်၍ ရှင်စေမည့်အကြောင်း၊ လူအပေါင်းတို့အတွက်ကြောင့် အသေခံတော်မူသည်ဟူ၍လည်းကောင်း၊ ငါတို့သည် သဘောထားလျှက် ခရစ်တော်၏ ချစ်ခြင်း မေတ္တာတော်သည် ငါတို့ကို အနိုင်အထက် သွေးဆောင်၏ ။ ၂ ကော ၄ း ၁၅**

ကျွန်တော်တို့သည် ကောင်းသောအလုပ် ကောင်းမှုများကို အကျိုးရရှိရေးအတွက် ပြုလုပ်ကြခြင်းမဟုတ်ပါ။ ခရစ်တော်သည် ကျွန်တော်တို့အတွက် အသေခံပြီးနောက် ကျွန်တော်တို့အတွက် နေရာပြင်ဆင်ရန် ကြွသွားနှင့်ပြီးခြင်းနှင့် ကိုယ်တော်ရှိသည့်နေရာတွင် ကျွန်တော်တို့လည်း အတူရှိကြမည်ဖြစ်ရာ လောကတွင် ကျွန်တော်တို့သည် ကောင်းသောအရာများကို ရှာကြံ၍လုပ်ဆောင်ကြပါသည်။

ကျွန်တော်တို့ အပြစ်ဒဏ်ခံရမည်ကိုကြောက်ရွံ့သဖြင့် ကောင်းသောအလုပ်များကို ပြုလုပ်ခြင်း မဟုတ်ပါ။ အကြောင်းမှာ ခရစ်တော်သည် ကျွန်တော်တို့အစား အပြစ်ဒဏ်ကိုခံစားပြီး ဖြစ်ပါသည်။ **ချစ်ခြင်းမေတ္တာသည် ကြောက်ရွံ့သံဝေဂရခြင်းနှင့် မပေါင်းနိုင်ရာ၊ သံဝေဂသည် ပူပန်ဝေဒနာကိုဖြစ်စေသောကြောင့်**

**စုံလင်သောမေတ္တာသည် သံဝေဂကို ဖယ်ရှားတတ်၏။ ၁ ယော ၄ း ၁၈**

## အကျိုးအမြတ်

ရှင်လုကာ ၂ း ၁၀ - ၂၀ ကိုဖတ်သောအခါ ဧဝံဂေလိတရားတော်ကို ကြားလိုက်သည်နှင့် ချက်ခြင်းပင် ဝမ်းမြောက်ခြင်းအကျိုးကို ခံစားရကြောင်း သိရှိရပါသည်။ **ရှင်လုကာ ၁၈ း ၁၃** တွင်မူ ပညတ်တော် အကြောင်းတွင်မူကား အပြစ်အတွက် ဝမ်းနည်းပူဆွေးရသောအကျိုးကို တွေ့ရပါသည်။ **ကျွန်တော်တို့ ပညတ်တော်တရားနှင့် ဧဝံဂေလိတရားတို့ကို ပြောဆိုရန် လိုအပ်ပါသည်။ . . . . . . . ဘုရားသခင်၏ အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ်သောနောင်တစိတ်တည်းဟူသော မပြောင်းလဲနိုင်သော နောင်တစိတ်ကို ပြုပြင်တတ်၏။ ၂ ကော ၇ း ၁၀**

ကျွန်တော်တို့သည် လူသာရင်အသင်းတော်၏ ဝန်ခံချက်ဖြစ်သော Formula of Concord တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ ***ယခင်ကပင် ခရစ်တော်၌တည်ရှိပြီးသောသူတို့နှင့် အသက်တာ ပြောင်းလဲသောသူတို့သည် ပညတ်တော်၏ကျိန်ခြင်းနှင့် ဖိစီးခြင်းများကို သခင်ခရစ်တော်အားဖြင့် မခံစားဘဲ လွတ်ခြင်းအခွင့်ကို ရရှိကြသည်။ ပညတ်တော်ကို မလိုလားပါဟု မဆိုလိုပါ။ သူတို့သည် သားတော်၏ ရွေးနုတ်တော်မူခြင်းကို ခံစားသူများဖြစ်၍ ပညတ်တရားကို နေ့ည စောင့်ထိန်းလိုက်နာကြပါသည်။ သူတို့သည် ဒုတိယအကြိမ်မွေးဖွားခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းကို ခံယူထားသည့်တိုင် ပညတ်တော်ကို လိုက်နာစောင့်ထိန်းရပါမည်။ ဒုတိယအကြိမ်မွေးဖွားခြင်း ဆိုသည်မှာ ယခုမှအစပြုသဖြင့် အသက်တာလမ်းတွင် ပညတ်တရားလိုအပ်ပါသည်။ ယုံကြည်သူများသည် ကြောက်ရွံ့မှုမရှိဘဲ စောင့်ထိန်းလိုက်နာ ကျင့်သုံးရမည်ဟု ကျွန်တော်တို့ ယုံကြည်သွန်သင် လက်ခံကြပါသည်။*** V1 2, 4, 7

အသက်တာရှည်သမျှကာလပတ်လုံး ဘုရားသခင်၏နှုတ်ကပတ်တော်ကို နေ့စဉ် အသက်ရှင်စဉ် မှန်ကန်စွာ သုံးတတ်ရပါမည်။ ကျွန်တော်တို့ ယင်းကို စဉ်ဆက်မပြတ် လုပ်ဆောင်ခြင်းသည် အရည်သွေးတစ်ရပ်ဖြစ်သော်လည်း မည်သည့်အခါမှ ပြည့်ဝစုံလင်နိုင်မည်မဟုတ်ပါ။

ဘုရားသခင်၏ဝိညာဉ်တော်ကို ကျွန်တော်တို့၏ဝိညာဉ်နှင့်အတူ လုပ်ဆောင်ခြင်းကို ချီးမွမ်းထောပနာ ပြုပါသည်။

သခင်ယေရှုမှ သန့်ရှင်းသောဝိညာဉ်တော်သည် - အမှန်တရားများသို့ လမ်းပြခေါ်ဆောင်ခြင်း၊ ကိုယ်တော် မိန့်မှာသွန်သင်တော်မူချက်များကို သတိရစေခြင်းနှင့် အခြားများစွာသောအရာများကို လုပ်ဆောင်ပေးပါသည်။

**ဘုရားသခင်၏ ဂုဏ်တော်ဘုန်းတော်သည် နှုတ်ကပတ်တော်ပေါ်၌ သက်ရောက်တည်ရှိပြီး ကျွန်တော်တို့ မှန်ကန်စွာနားလည်နိုင်ရေးကို ကူညီမစလျှက်ရှိပါသည်။ အာမင်။**

**ဘုန်းတော်ကြီးချားလ်စ်အက်ဒွပ်**

**သင်းအုပ်**

**တိုင်းရင်းသားလူသာရင်အသင်းတော်**

**ရန်ကုန်မြို့၊မြန်မာနိုင်ငံ။** charlesedwards56@gmail.com